# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
# ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၉ - ၂၀၂၀)

Village Development Plan (VDP)

ကျောက်ပဲညိုကျေးရွာ၊ ဝမ်အောင်းကျေးရွာအုပ်စု၊ ဖားဆောင်းမြို့နယ်

## မာတိကာ


၁။ ဖားဆောင်းမြို့နယ်မြေပုံ

၂။ ကျောက်ပဲညိုကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ

၈။ ကျေးရွာအခြေခံအချက်အလက် (ပုံစံ-၁)


၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)

၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ အစည်းအဝေးမှတ်တမ်းများ

၁၂။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ ဖားဆောင်းမြို့နယ်မြေပုံ



## ၂။ ကျောက်ပဲညိုကျေးရွာမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | က | မ | ပေါင်း |
| ၁ | ဂမ်အောင်း(ကယား) | ၁၀၆ | ၂၄၇ | ၃၀၈ | ၅၅၅ |
| ၂ | ဂမ်အောင်း (ရှမ်း) | ၂၀ | ၅၄ | ၄၂ | ၉၆ |
| ၃ | ကျောက်ပဲညို | ၁၄ | ၃၃ | ၃၃ | ၆၆ |
| ၄ | ဆွပ်ဖ | ၂၃ | ၅၇ | ၃၇ | ၉၄ |
| | **စုစုပေါင်း** | **၁၆၃** | **၃၉၁** | **၄၂၀** | **၈၁၁** |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဖားဆောင်းမြို့နယ်၊ ဂမ်အောင်းကျေးရွာအုပ်စုရှိ ကျောက်ပဲညို ကျေးရွာသည် သံလွင်မြစ်၏ အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး လူဦးရေအားဖြင့် ကျား(၃၃)ဦး၊ မ(၃၃)ဦး၊ စုစုပေါင်း (၆၆)ဦး ခန့်နေထိုင်ကြပါသည်။ ယင်းကျေးရွာရှိလူမျိုးနွယ်စုမှာ ရှမ်းမျိုးနွယ်စုများဖြစ်ပြီး ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် ကြပါသည်။

ကျေးရွာလူထု၏ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ တောင်ယာလုပ်ငန်း၊ ဆေးရွက်ကြီးပင် စိုက်ပျိုးခြင်း၊ မီးသွေးဖုတ် လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ယင်းကျေးရွာတွင် ကျေးရွာဘုန်းကြီးကျောင်း နှင့် စေတီပုထိုး ရှိပါသည်။ အခြေခံအဆောက်အဦးအနေဖြင့် အခြေခံပညာ စာသင်ကျောင်းများ၊ ကျေးရွာခန်းမဆောင်များ၊ ကျေးလက်ဆေးပေးခန်းများ မရှိသေးသည့်အတွက် ယင်းကျေးရွာရှိ ပြည်သူများအနေဖြင့် ရရှိသင့်သော အခြေခံဝန်ဆောင်မှုများ ရရှိခြင်းမရှိသေးပေ။


ယင်းကျေးရွာသည် ဖားဆောင်းနှင့် မယ်စဲ့သွားရာ ကတ္တရာလမ်းမကြီးဘေးတွင် တည်ရှိသည့်အားလျော်စွာ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် တစ်နှစ်ပတ်လုံးသွားလာရေး အဆင်ပြေပါသည်။ သို့သော် ကျေးရွာတွင်းလမ်းများမှာမူ မြေသားလမ်းများဖြစ်သဖြင့် မိုးရာသီတွင် ကျေးရွာရှိ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ နှင့် ကလေးသူငယ်များအတွက် သွားလာရေး အဆင်မပြေမှုများ ရှိနေပါသေးသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည် အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပေါင်း | |
| ၁ | လူမှုရေး အရင်း အမြစ်ပြမြေပုံ | ၂၄.၁၀. ၁၉ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန် ထမ်း | ၂ | ၅ | ၇ | ကျေးရွာအတွင်းရှိ အိမ်ခြေများ၊ လက်ရှိ သဘာဝ အရင်းအမြစ်များအား အသုံးချမှု အခြေအနေများ နှင့် သဘာဝဘေး အန္တရာယ်များအား ဖော်ထုတ်ခြင်း။ |
| ၂ | ဥစ္စာနေကြွယ် ဝမှုအဆင့် သတ်မှတ်ခြင်း | ၂၄.၁၀. ၁၉ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန် ထမ်း | ၂ | ၅ | ၇ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာ စံနှုန်းအပေါ် အခြေခံပြီး လူနေမှု အဆင့်အတန်း များသတ်မှတ်ခြင်း။ |
| ၃ | ကျား-မရေးရာ ကဏ္ဍ # ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၄.၁၀. ၁၉ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန် ထမ်း | ၂ | ၅ | ၇ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝ အရင်းအမြစ်များအပေါ် အမျိုးသမီးများနှင့်အမျိုးသားများ ၏ သုံးစွဲမှုနှင့်ထိန်းချုပ်မှုများ အား ဖော်ထုတ်ခြင်း |
| ၄ | ကျား-မ ရေးရာ ကဏ္ဍ # ၂ (ပင့်ကူအိမ်) | ၂၄.၁၀. ၁၉ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန် ထမ်း | ၂ | ၅ | ၇ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ်ပြီး မှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြ ပြက္ခဒိန် | ၂၄.၁၀. ၁၉ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန် ထမ်း | ၂ | ၅ | ၇ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ရာသီ အလိုက်ဆောင်ရွက်သော လုပ်ငန်း များ၊ ပွဲလန်းသဘင်များ၊ ရိုးရာ ဓလေ့များနှင့်အားလပ်မည့် ရာသီများအား ဖော်ထုတ် ခြင်း။ |
| ၆ | အဖွဲ့အစည်း များချိတ်ဆ က်မှု ပြ ဇင်းပုံစံ | ၂၄.၁၀. ၁၉ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန် ထမ်း | ၂ | ၅ | ၇ | ကျေးရွာအတွင်းနှင့် ပြင်ပရှိ အဖွဲ့ အစည်းများ၏ ချိတ်ဆက်မှု၊ ပူး ပေါင်းဆောင် ရွက်မှုများနှင့် အကျိုးဆက်များအား ဖော်ထုတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ




ကျောက်ပဲညိုကျေးရွာတွင် အိမ်ခြေ(၁၄)အိမ်ရှိပြီး အိမ်ထောင်စုမှာ(၁၄)စု၊ စုစုပေါင်းလူဦးရေမှာ (၆၆)ဦးခန့် နေထိုင်ကာ ရှမ်းလူမျိုးများဖြစ်ပြီး အနည်းစုမှာ ရှမ်းနှင့်ကရင် လူမျိုးရောဖြစ်ကာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် ကြပါသည်။ ကျေးရွာ၏အနောက်ဘက်တွင် သံလွင်မြစ်၊ ရှေ့ဘက်တွင် တောင်တန်းများ နှင့် တောင်ယာခင်းများ ရှိပါသည်။ ကျေးရွာပိုင်အဆောက်အအုံသည် ကျေးရွာဘုန်းကြီးကျောင်းသာရှိပြီး ယဉ်ကျေးမှုအမွေအနှစ်အားဖြင့် စေတီ ပုထိုး ရှိပါသည်။ ကျောက်ပဲညိုကျေးရွာနေထိုင်သူများသည် တောင်ယာ စိုက်ပျိုးခြင်း၊ မီးသွေးဖုတ်ခြင်းဖြင့် အသက် မွေးဝမ်းကျောင်းခဲ့ ကြပါသည်။

အဓိက လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကုန်းလမ်းကြောင်းကိုသာ အသုံးပြုကြပါသည်။ ၂၀၁၇ မတိုင်မီ ကျောက်ပဲညိုကျေးရွာသည် မိုးရာသီတွင် ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းများဖြစ်သောကြောင့် သွားလာရေး ခက်ခဲပါသည်။ ထို့ကြောင့် CDD စီမံကိန်းမှ ရွာတွင်းကျောက်ချောလမ်း ဖော်ဆောင်ပေး ခြင်းဖြင့် သွားလာရ အဆင်ပြေမှုရှိသွားပါသည်။ သို့သော် ပြုပြင်ရမည့်လမ်း ပေ(၂၀၀၀) ကျန်ရှိနေသေး သည်။ ရွာတွင်စာသင်ကျောင်း နှင့်ဆေးပေးခန်းမရှိပါ။ ထို့ကြောင့် ကျန်းမာရေး နှင့် ပညာရေးပိုင်းတွင် ဖွံ့ဖြိုးမှု နောက်ကျနေပါသည်။

ရေလှောင်ကန်ရှိသော်လည်း သံလွင်မြစ်ရေတင်သွင်းရာတွင် ရေတင်စက်ပျက်စီးနေသောကြောင့်၊ သောက်သုံးရေအတွက် အခက်အခဲရှိပါသည်။ သံလွင်မြစ်သို့ ရေခပ်ဆင်းရန် အချိန်ပေးရသည့်အပြင်

မိုးရာသီတွင် မြစ်ရေညစ်ညမ်းမှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားလေ့ရှိပါသည်။ ကျေးရွာအနီးတွင် ရရှိနိုင်သော အရင်း အမြစ်များမှာ သဲ၊ကျောက်တောင်၊ သစ်တောများရှိသည်။ ကျေးရွာပိုင်တောင်ယာမြေ ဧက (၅၀) ခန့်ရှိပါသည်။

### (ခ) ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း



ဥစ္စာဓနကြွယ်ဝမှုဇယား

ဝမ်းအောင်းအုပ်စု ရက်စွဲ - ၂၄.၁၀.၂၀၂၃

ကျောက်ပဲညိုကျေးရွာ

| အမျိုးအစား | အကြောင်းအရာ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| သာမန် | တောင်ယာခြံ၊ ဆိုင်ကယ်၊ ပျဉ်ထောင်အိမ်၊ ထော်လာဂျီ၊ စက်လှေ၊ လယ်ထွန်စက် | ၁၃ | ၉၂.၈၆% |
| နွမ်းပါး | ခြံ၊ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ တောင်ယာ | ၁ | ၇.၁၄% |
| | | ၁၄ | ၁၀၀% |


ကျောက်ပဲညိုကျေးရွာတွင် အိမ်ခြေ(၁၄)အိမ် ရှိပါသည်။ ဥစ္စာဓနကြွယ်ဝမှုစံသတ်မှတ်ရာတွင် အဆင့်(၂)ဆင့် သတ်မှတ်ထားပါသည်။ ထိုသို့သတ်မှတ်ရာတွင် တက်ရောက်လာသူများမှ သဘောတူညီနိုင်းကာ သာမန်အဆင့်၊ နွမ်းပါးအဆင့်ဟူ၍ အုပ်စုနစ်စု သတ်မှတ်ကြပါသည်။ ဆိုင်ကယ်၊ တောင်ယာ၊ ပျဉ်ထောင်အိမ်၊ ခြံ၊ ထော်လာဂျီ၊ စက်လှေ၊ လက်တွန်းလယ်ထွန်စက်၊ ဝါးကပ်အိမ်၊ ကလေးများ ကျောင်းထားနိုင်သော မိသားစုအား သာမန်အဆင့်ဟု သတ်မှတ်ကာ ဆိုင်ကယ်၊ တောင်ယာ၊ ကလေးများကျောင်းမထားနိုင်ခြင်း၊ ခြံနှင့်ပျဉ်ထောင်အိမ် ပိုင်ဆိုင်ကြသူများကို နွမ်းပါးအဆင့်ဟု သတ်မှတ်ပါသည်။


ကျောက်ပဲညိုကျေးရွာရှိ သာမန်အဆင့်မှာ ပျမ်းမျှအားဖြင့် အိမ်ထောင်စု (၁၃) အိမ်ရှိကာ ရာခိုင်နှုန်းအားဖြင့် (၉၂.၈၆%) ရှိပြီး၊ နွမ်းပါးအဆင့်မှာ ပျမ်းမျှအားဖြင့် အိမ်ထောင်စု (၁) စု ရှိကာ ရာခိုင်နှုန်းအားဖြင့် ၇.၁၄% ရှိပါသည်။ ကျောက်ပဲညိုကျေးရွာတွင် သာမန်အဆင့်သတ်မှတ်ထားသူများမှာ ပိုင်ဆိုင်မှုအမွေအနှစ်များရှိခြင်း၊ စွန့်စားလုပ်ကိုင် တတ်ခြင်း၊ စီမံခန့်ခွဲမှုကောင်းခြင်း၊ စီးပွားရေးအမြင်ရှိခြင်း၊ နှစ်စဉ်စိုက်ပျိုးရေးလုပ်ငန်းမှ ရရှိသော သီးနှံများ အထွက်ကောင်းပြီး ဈေးကွက်ဝင်နေခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူခြင်းကြောင့် ဖြစ်သည်။ နွမ်းပါးအဆင့် နေမိသားစုများသည် ကျန်းမာရေးအားနည်းခြင်း၊

စီးပွားရေး လက်လှမ်းမမှီနိုင်ခြင်း၊ ပိုင်ဆိုင်မှုနည်းခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း တို့ကြောင့်ဖြစ်သည်။

ထို့ကြောင့် နွမ်းပါးအဆင့်မှ သာမန်အဆင့်သို့ တက်လှမ်းနိုင်ရန် အသိပညာများအားပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းနှင့် ပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင် ပေးနိုင်ဖို့ လိုအပ်လျက်ရှိပါသည်။

## (ဂ) ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)





ကျောက်ပဲညိုကျေးရွာရှိ ကျေးရွာအရင်းအမြစ်ဖြစ်သော ခြံ၊ တောင်ယာ၊ ဝါး၊ ရေလှောင်ကန်၊ သစ်တော၊ ကျောက်တောင်၊ ဘုန်းကြီးကျောင်း၊ ထော်လာဂျီ၊ လမ်း၊ ဆိုင်ကယ်၊ မွေးမြူရေးလုပ်ငန်း တို့ကို အမျိုးသားများနှင့် အမျိုးသမီးများ တူညီစွာသုံးစွဲကြသည်။ အမျိုးသမီးများပို၍ အသုံးပြုသော အရင်းအမြစ်များမှာ အိမ်ဆိုင်နှင့် စက်ချုပ် လုပ်ငန်းများဖြစ်သည်။ သဲ၊ လက်တွန်းထွန်စက် စသည့် အရင်းအမြစ်များမှာ အမျိုးသားများကပိုမို သုံးစွဲကြပါသည်။

ရေလှောင်ကန်၊ သစ်တော၊ ကျောက်တောင်၊ ထော်လာဂျီတို့ကို ထိန်းချုပ်မှုနှင့်အသုံးပြုနိုင်ရန် ဆုံးဖြတ်ချက်ချရာတွင်လည်း အမျိုးသားများကသာ ဦးဆောင်နေပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ခက်ခဲပြီးပင်ပန်းသော အရင်းအမြစ်အား အမျိုးသားများကသာ စီမံခန့်ခွဲပြီး အိမ်တွင်းသုံး အရင်းအမြစ် များကိုမူ အမျိုးသမီးများသာ စီမံခန့်ခွဲနေကြပါသည်။ အမျိုးသမီးများ ကျေးရွာရှိအရင်းအမြစ် များကို လက်လှမ်းမီ မသုံးစွဲနိုင်ရခြင်းမှာ ကျေးရွာရေမြေအနေအထားအရ လုံခြုံစိတ်ချရမှု အားနည်းခြင်း၊ ရာသီဥတု မကောင်းခြင်း၊ အမျိုးသမီးများကိုယ်တိုင် စီမံခန့်ခွဲနိုင်မှုမရှိဟုယူဆခြင်း၊ အမျိုးသားများကသာ ပိုလုပ်နိုင်သည်ဟုယူဆခြင်း၊ အမျိုးသမီး များနှင့် သင့်လျော်သော အလုပ်အကိုင်များ ရှားပါးခြင်းတို့ကြောင့်

ဖြစ်သည့်အပြင် အမျိုးသားများသည်လည်း မိမိတို့အမျိုးသားများသာ စီမံခန့်ခွဲတတ်သည်ဟုယူဆခြင်း၊ အမျိုးသမီးများကအားနည်းသည်ဟုယူဆခြင်း၊ မိရိုးဖလာအရ အမျိုးသားများသာ ဦးဆောင်ရမည်ဟုယုံကြည်နေကြခြင်းတို့ကြောင့်ဖြစ်သည်။

**(ဃ) ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)**



ကျောက်ပဲညိုကျေးရွာရှိ ပြည်သူလူထုနှင့် ကျေးရွာအစည်းအဝေးပြုလုပ်ကာ အမျိုးသမီးများနှင့် အမျိုးသားများ အခွင့်အရေး ကွာဟမှုသိရှိနိုင်ရန် ရည်ရွယ်ပြီး ပင့်ကူအိမ်သုံးသပ်ခြင်းအသုံးပြုကာ ဆွေးနွေးခဲ့ကြပါသည်။

သုံးသပ်ချက်အရ ယင်းကျေးရွာရှိ အမျိုးသမီးအများစုသည် အိမ်မှုကိစ္စတွင် အချိန်ပေးနေရကာ အလုပ်လုပ်ကိုင်နိုင်မှု နည်းပါးသည့်အတွက် ဝင်ငွေရရှိမှု နည်းသည့်အပြင် မိမိကိုယ်ကို ယုံကြည်မှု မရှိသောကြောင့် အမျိုးသမီး များအနေဖြင့် ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုမှာလည်း အားနည်းရခြင်းဖြစ်သည်။

အိမ်ခြံမြေပိုင်ဆိုင်မှုအနေဖြင့် အိမ်ထောင်ဦးစီးဖြစ်သော အမျိုးသားများ၏ အမည်ဖြင့်သာဖော်ပြပြီး ယင်းပိုင်ဆိုင်မှုနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက် ချပိုင်ခွင့်ရှိသူမှာလည်း အမျိုးသားများသာ ဖြစ်ကြောင်း ဖော်ထုတ်ကြပါသည်။

သို့သော် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှုအနေဖြင့် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရရှိသည့်အပြင် ကျန်းမာရေး အသိပညာပေးဗဟုသုတရရှိမှုနှင့် ပညာသင်ကြားရေးတွင် အမျိုးသားများထက် ပိုမိုအခွင့်အရေးရရှိခဲ့ကြပါသည်။ အကြောင်းရင်းမှာ အမျိုးသားများအနေဖြင့် ဝင်ငွေရရှိသော လုပ်ငန်းများကိုသာ လုပ်ကိုင်နေကြသောကြောင့် ယင်းအခွင့်အရေးမှာမူ အမျိုးသမီးများ အားသာနေခြင်း ဖြစ်ပါသည်။

## (င) ရာသီခွင်ပြဇယား



ကျောက်ပဲညိုကျေးရွာတွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ၊ စက်တင်ဘာလတွင် မိုးရွာသည်။ စိုက်ပျိုးရေးလုပ်သော ကာလမှာ ဇွန်၊ ဇူလိုင်၊ စက်တင်ဘာ၊ အောက်တိုဘာလများဖြစ်သည်။ အဓိက စိုက်ပျိုးရေးလုပ်ငန်းမှာ နှမ်း နှင့် ပြောင်းစိုက်ပျိုးကြပါသည်။ နိုဝင်ဘာနှင့် ဒီဇင်ဘာလမှာ ပဲကြီးကို စိုက်ပျိုးကြသည်။

ကျောက်ပဲညိုကျေးရွာတွင် နေထိုင်သူများသည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်သည့်အားလျော်စွာ တပေါင်း၊ တန်ခူး၊ ကဆုန်လများတွင် ရှင်ပြုပွဲပြုလုပ်သည်။ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်၊ တော်သီတင်းလတွင် ဆွမ်းတော်ကြီးပွဲတော်များ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်နှင့် တပို့တွဲလတွင်

ထမင်းနဲပွဲတော်များ ကျင်းပကြပါသည်။ ထို့အပြင် ရိုးရာ ပွဲတော်များကို တန်ခူး၊ ဂါခေါင်၊ တော်သီလင်း၊ သီတင်းကျွတ် တန်ဆောင်မုန်း နှင့် တပို့တွဲလများတွင် ကျင်းပပြုလုပ်ကြသည်။

ကျောက်ပဲညိုကျေးရွာနေထိုင်သူများသည် မိုးရေအား သိုလှောင်၍အသုံးပြုနေရသောကြောင့် ဇန်နဝါရီလမှ မေလထိ ရေရှားပါးခြင်းနှင့်ကြုံတွေ့နေရပါသည်။ တောင်ယာတွင် နှမ်းစိုက်ခြင်းဖြင့်အဓိက အသက်မွေးဝမ်းကျောင်း နေရသောကြောင့် နှမ်းရောင်းချိန်ဖြစ်သော အောက်တိုဘာလတွင် ဝင်ငွေ အများဆုံးလဖြစ်ပြီး ကျန်သောလများမှာ အပြင်အလုပ်ထွက်လုပ်ခြင်းကြောင့် ဝင်ငွေအသင့်အတင့်သာ ရှိပါသည်။ ထွက်ငွေအများဆုံးထွက်သောလမှာ နှမ်းစိုက်ရန် ထွန်ယက်ရသော ဇွန်လ ၊ ဇူလိုင်လ နှင့် နှမ်းခုတ်ချိန်ဖြစ်သော စက်တင်ဘာ၊ အောက်တိုဘာလတို့ ဖြစ်သည်။ တစ်နှစ်ပတ်လုံးဖြစ်တတ်သော ရောဂါမှာ ဖျားနာ ခေါင်းကိုက်ခြင်းစသော သာမန်အဖျားသာရှိပြီး အခြားထူးခြားသော ရောဂါများ ဖြစ်လေ့ဖြစ်ထမရှိပါ။ သဘာဝဘေးအန္တရာယ်အား မတ်၊ ဧပြီလ မီးဘေးအန္တရာယ်နှင့် ဩဂုတ်လ၊ စက်တင်ဘာလ တို့တွင် သံလွင်မြစ်ရေကြီးခြင်း နှင့်ကြုံတွေ့နေရပါသည်။ ကျောက်ပဲညိုကျေးရွာ နေထိုင်သူများသည် တောင်သူများဖြစ်သောကြောင့် တစ်နှစ်ပတ်လုံး အလုပ်လုပ်နေရ၍ အားလပ်ရက် ရှားပါးပါသည်။


### (စ) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ်




ကျောက်ပဲညို ကျေးရွာတွင် အဖွဲ့အစည်းပေါင်း (၈)ဖွဲ့ရှိပြီး ကျေးရွာလူထုသာလျှင် ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အများဆုံးပါဝင်သည်။ အုပ်ချုပ်ရေးမှူးအဖွဲ့၊ လူငယ်အဖွဲ့၊ ဘာသာရေးအဖွဲ့နှင့် ကျေးရွာစီမံကိန်း အထောက်အကူပြုအဖွဲ့များသည် ရွာအတွင်းရှိ အဖွဲ့များဖြစ်ပြီး ကျေးရွာ၏ လိုအပ်ချက် များအားကူညီပံ့ပိုးပေးကာ စည်းလုံးမှုများရှိကြပါသည်။

စည်ပင်သာယာရေးအဖွဲ့၊ MAM၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာ ရေးဦးစီးဌာနနှင့် လူထုဗဟိုပြုစီမံကိန်း (CDD)အဖွဲ့ များသည် ပြင်ပမှလာပြီး ကူညီလုပ်ကိုင်ပေးသော အဖွဲ့များဖြစ်သည်။ လူထုဗဟိုပြုစီမံကိန်း (CDD)အဖွဲ့သည် ၂၀၁၇ ခုနှစ်တွင် ကျေးရွာရှိကော်မတီများနှင့် ပူးပေါင်းပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် (၂၀၁၆-၁၇) ဘဏ္ဍာရေးနှစ်တွင် သံလွင်မြစ်မှ စက်ဖြင့်ရေတင်ပေးသော ရေရရှိရေး လုပ်ငန်းအား ဆောင်ရွက်ပေးခဲ့ပါသည်။ ကျန်အဖွဲ့များများသည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ကျေးရွာအတွင်းရှိ အဖွဲ့များနှင့် ပြင်ပအဖွဲ့အစည်းများ ချိတ်ဆက်ကာ ကျေးရွာ၏ အခက်အခဲများကို အတူတကွ ဝိုင်းဝန်းကူညီလုပ်ဆောင်လျက်ရှိကြောင်း သုံးသပ်ကြပါသည်။

**(ဆ) အခက်အခဲများနှင့်ပြဿနာများ**





ကျောက်ပဲညိုကျေးရွာတွင် စာသင်ကျောင်းမရှိသောကြောင့် ၁မိုင်ခွဲ ကွာဝေးသော ဖားဆောင်းမြို့ သို့ ကျောင်းသွားတက်ရသဖြင့် ကလေးများနေ့စဉ်သွားလာရန် အခက်အခဲရှိပါသည်။ စာသင်ကျောင်းနှင့် ဆေးပေးခန်း မရှိသောကြောင့် ကျေးရွာရှိကလေးများ ကျောင်းတက်ရာတွင် ဖားဆောင်းသို့ သွား၍ သင်ယူရသည့်အတွက် ငွေကြေးကုန်ကျခြင်း၊ မိဘများ စိတ်သောကရောက်ရခြင်း၊ ကလေးများ အတွက်


လမ်းတွင် အန္တရာယ်များနှင့် ကြုံတွေ့နိုင်ခြင်း၊ မိုးရာသီတွင် ကလေးအဝတ်အစားများ မိုးရေစိုခြင်းကြောင့် ကျန်းမာရေး ထိခိုက်ခြင်း၊ မိဘများ ငွေကြေးကုန်ကျခြင်း စသည့် အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါသည်။


ထို့ကြောင့် ကလေးများ ပညာသင်ကြားနိုင်ရေးအတွက် ဖားဆောင်းမြို့တွင်သာ တစ်နှစ်ပတ်လုံး နေကာ ကျောင်းတက်ရသဖြင့် နေစရိတ်၊ စားစရိတ်များခြင်းကြောင့် ကျောင်းသားများပညာရေးကို ဆုံးခန်းတိုင်အောင် တက်ရောက်နိုင်ရန် ခက်ခဲလျက် ရှိပါသည်။ အကျိုးဆက်မှာ ကျေးရွာတွင် စာတတ်မြောက်သူနည်းပါးခြင်း၊ အသိဗဟုသုတနည်းပါးခြင်းစသည်တို့ ဖြစ်ပါသည်။

ကျောက်ပဲညိုကျေးရွာသည် စိုက်ပျိုးရေးဖြင့်သာ ဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်နေရပြီး ယခုနောက်ပိုင်းတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံများအတွက်နှုန်း လျော့နည်းလာပါသည်။ ကုန်သည်များ၏ ဈေးနှိမ်ခြင်း၊ သီးနှံဈေးများ ကျဆင်းလာခြင်းကြောင့် ယခင်နှစ်များထက် ဝင်ငွေ လျော့နည်းလာခြင်း၊ အကြွေးများတင်လာသောကြောင့် စားဝတ်နေရေးခက်ခဲခြင်းများနှင့် ကြုံတွေ့ နေရသည်။

ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိသဖြင့် နေမကောင်းဖြစ်သည့်အခါ မြို့သို့သွားပြရသည်။ အသက်အန္တရာယ်နှင့် ကြုံတွေ့သောအချိန်များတွင် ငွေကြေးမတတ်နိုင်ခြင်းကြောင့် ဆေးရုံတက်ရန် ခက်ခဲပါသည်။
ကျေးရွာတွင် ရေလှောင်ကန်ရှိသော်လည်း ရေလှောင်ကန်ကွဲအက်နေသောကြောင့် သောက်သုံးရေ လုံလောက် မှုမရှိပါ။ သံလွင်မြစ်ရေကို ဆင်းခပ်ရသဖြင့် အချိန်ပိုပေးရသည့်အတွက် ဝင်ငွေရရှိသော လုပ်ငန်းများလုပ်ကိုင် ရာတွင် နှောင့်နှေးမှုရှိနေပါသည်။ ထို့အပြင် ယခင်နှစ် ပြုပြင်ပြီးသောလမ်း၏ အဆက် ပေ(၂၀၀၀) ရှိသောလမ်းသည် မိုးရာသီတွင် မကောင်းသောကြောင့် တအိမ်နှင့်တအိမ် သွား လာရန် ခက်ခဲနေသေးသည်။

**(၉) မျှော်မှန်းချက်**






ကျောက်ပဲညိုကျေးရွာတွင်းရှိ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားခွင့်ရနိုင်ရန် နှင့် ကျေးရွာအတွင်း ပညာတတ်များရှိလာရန် မျှော်မှန်းထားကြပါသည်။ ကျေးရွာရှိ ပြည်သူလူထုအနေဖြင့် အခြေခံကျန်းမာရေး ဝန်ဆောင်မှု ရရှိရန် နှင့် ဆေးဝါးကုသမှု အချိန်မီရရှိနိုင်ရန်လည်း မျှော်မှန်းထားကြပသါည။ ထို့အပြင် ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းသာမက အခြားဝင်ငွေရရှိနိုင်သော အလုပ်အကိုင် အခွင့်အလမ်းရှိခြင်းအားဖြင့် မိသားစုဝင်ငွေ တိုးကာ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာရန်လည်း ရည်မှန်းထားကြပါသည်။

ထို့နောက် ကျေးရွာတွင်း ပြုပြင်ရန်ကျန်ရှိနေသေးသော လမ်းအား ပြုပြင်ခြင်းအားဖြင့် ကျေးရွာနေ ပြည်သူများ ရာသီမရွေးသွားလာရေးလွယ်ကူလာရန်လည်း မျှော်မှန်းကြပါသည်။ ကျေးရွာတွင် ကျေးရွာသူရွာသားများ အသိပညာဗဟုသုတ တိုးပွားလာစေရန်အတွက် စာကြည့်တိုက်နှင့် တစ်နှစ်ပတ်လုံး သောက်သုံးရေ လုံလောက်စွာ ရရှိရန်လည်း မျှော်မှန်းကြပါသည်။ ကျေးရွာလုံခြုံရေး အတွက် တာဝန်ယူပေးမည့်သူ ရှိစေချင်သည်။

## (ဈ) ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်း




ကျောက်ပဲညိုကျေးရွာတွင် လျှပ်စစ်မီးအားအိမ်တိုင်းရရှိသော်လည်း လမ်းမီးမရှိသောကြောင့် ညအချိန် သွားလာရာတွင် လုံခြုံမှုမရှိခြင်း၊ အမျိုးသမီးများသွားလာရန်ကြောက်ရွံ့ခြင်း၊ ကလေးများအတွက် အန္တရာယ်ရှိခြင်း တို့ကြောင့် ပထမဦးစားပေးလုပ်ငန်းအဖြစ် ရွယ်ချယ်ခဲ့ကြပါသည်။ ဦးစားပေးအဆင့်(၂) အဖြစ် မူလတန်း ကျောင်းတည်ဆောက်ခြင်းအား ရွေးချယ်ရခြင်းမှာ ကျေးရွာတွင် မူလတန်းကျောင်း မရှိသောကြောင့် ဖားဆောင်းမြို့ရှိ ကျောင်းသို့သွားထားရ၍ အကုန်အကျများခြင်း၊ ကလေးများနှင့် အနီးကပ်မနေရသောကြောင့် မိဘများမှ စိတ်ပူနေရခြင်း၊ ကျောင်းသွား၊ ကျောင်းပြန် ကလေးများအတွက် လုံခြုံမှုမရှိခြင်းတို့ကြောင့်ဖြစ်သည်။ မိုးရာသီတွင် မိုးရေသိုလှောင်ပြီး အသုံးပြုရသောကြောင့် အဆင်ပြေသော်လည်း နွေရာသီတွင် သံလွင်ရေအားအသုံးပြုရပါသည်။ သံလွင်မှကျေးရွာသို့တင်ပေးသော ရေရှိသော်လည်း ရေကန်တစ်လုံးတည်းဖြစ်သောကြောင့် ရေကန်နှင့်ဝေးသော အိမ်များအတွက် အဆင်ပြေစေရန် သောက်သုံးရေ လုံလောက်မှုရှိစေရန် ရေပိုက်လိုင်းသွယ်တန်းခြင်းအား တတိယ ဦးစားပေးလုပ်ငန်းစဉ်အဖြစ် ရွေးချယ်ရခြင်းဖြစ်သည်။ ကျေးရွာရှိလူငယ်များနှင့် ကလေးများ ပညာအလိမ္မာ နှင့် ဗဟုသုတများရှိလာစေရန်၊ စာပေတတ်ကျွမ်းမှုရှိစေရန်၊ စာပေများစိတ်ဝင်စားရှိလာစေရန်၊ ကျေးရွာရှိလူငယ်များသည် အားလပ်သည့် အချိန်များကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် စာကြည့်တိုက် တည်ဆောက်ခြင်းလုပ်ငန်းအား ဦးစားပေးအဆင့်(၄)အဖြစ် ရွေးချယ်ရခြင်းဖြစ်သည်။

နိုင်ငံရေးအခြေအနေ နှင့် နယ်မြေ အခြေအနေအရ အမျိုးသမီးများနှင့်ကလေးများအတွက် လုံခြုံမှုရှိစေရန် ကျေးရွာလုံခြုံရေးတဲ တည်ဆောက်ခြင်းအား ဦးစားပေးအဆင့်(၅)အဖြစ် ရွေးချယ်ရခြင်းဖြစ်သည်။ ကျောက်ပဲညိုကျေးရွာနေထိုင်သူများသည် တောင်ယာလုပ်ငန်း သာလုပ်ရ၍ တောင်ယာလုပ်ငန်းပြီးပါက တစ်ခြားလုပ်ငန်းလုပ်ပြီးဝင်ငွေရသော အလုပ်မရှိသောကြောင့် စားဝတ်နေရေးအတွက်အဆင်မပြေနိုင်ပါ၊ ထို့ကြောင့် စားဝတ်နေရေးအဆင်ပြေလာစေရန် ရေရှည်အလုပ်အကိုင် အခွင့်အလမ်းဖော်ဆောင်ပေးခြင်း အား ဦးစားပေးအဆင့်(၆) အဖြစ် ရွေးချယ်ရခြင်းဖြစ်သည်။ ဦးစားပေးအဆင့်(၇) အား စိုက်ပျိုးရေးနည်းပညာ သင်တန်းပံ့ပိုးပေးခြင်းအဖြစ် ရွေးချယ်ရခြင်းမှာ ကျောက်ပဲညိုကျေးရွာနေထိုင်သူ များသည် နှမ်းစိုက်ပျိုးခြင်း တစ်ခုတည်းဖြင့်သာ အသက်မွေးဝမ်းကျောင်းရသော်လည်း နည်းပညာမရှိသောကြောင့် အထွက်နှုန်းနည်းပြီး တွက်ခြေ မကိုက်ရခြင်းကြောင့်ဖြစ်သည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ







## ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဒေါ်ခင်မေဦး | စီ/ထောက်ဥက္ကဌ | အုပ်စုဘဏ္ဍာရေးဥက္ကဌ |
| ၂ | ဒေါ်ခိုင်သဇင်ဝင်း | ဝေဖန်အကြံပြု | |
| ၃ | ဦးစိုင်းနိုင်ဦး | စောင့်ကြည့်ကြီးကြပ် | |
| ၄ | ဒေါ်မြင့်မြင့်အေး | ငွေစာရင်းကိုင် | |
| ၅ | ဦးသိန်းဇံ | ဝယ်ယူရေး | |
| ၆ | ဒေါ်ခိုင်သဇင်ဂင်း | ဝေဖန်အကြံပြု | |
| ၇ | ဒေါ်ကယ်စတာ | စေတနာ့ဝန်ထမ်း | |

## ၈။ ကျေးရွာအခြေခံအချက်အလက် (ပုံစံ-၁)

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီ တောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင် ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်စနစ်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|---|
| ဦးသိန်းဇံ | | 09456285517 | [illegible] |
| ကယားပြည်နယ် | ဖားဆောင်းမြို့နယ် | ကျေးရွာအုပ်စု ဝမ်ဘောင်း | ကျေးရွာ ကျောက်ပဲညို |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ရှမ်း | ၁၄ | ဘာသာ(၁) ဗုဒ္ဓ | ၁၄ |
| လူမျိုးစု (၂) | | ဘာသာ(၂) | |
| လူမျိုးစု (၃) | | ဘာသာ(၃) | |
| လူမျိုးစုရော- | | ဘာသာရော | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁) ရှမ်း | ၃၃ | ၃၃ | ၆၆ |
| လူမျိုးစု (၂) | | | |
| လူမျိုးစု (၃) | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၁၂ | ၂ | ၁၄ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| | စာသင်ကျောင်း | အမှတ်ခြစ်ပါ | | ကျန်းမာရေး | အမှတ်ခြစ်ပါ | | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| ၁ | အထက်တန်းကျောင်း | ☐ | ၁ | ဆေးရုံ | ☐ | ၁ | စေတီ | ☑ |
| ၂ | အလယ်တန်းကျောင်း | ☐ | ၂ | ကျန်းမာရေးဌာန | ☐ | ၂ | ဘုန်းကြီးကျောင်း | ☑ |
| ၃ | မူလတန်းကျောင်း | ☐ | ၃ | ကျန်းမာရေးဌာနခွဲ | ☐ | ၃ | ဟိန္ဒူဘုရားကျောင်း | ☐ |
| ၄ | မူကြိုကျောင်း | ☐ | ၄ | ဆေးပေးခန်း | ☐ | ၄ | ခရစ်ယာန်ကျောင်း | ☐ |
| ၅ | အခြား | ☐ | ၅ | အခြား | ☐ | ၅ | ဗလီ | ☐ |
| | | | | | | ၆ | အခြား | ☐ |
| မှတ်ချက် မရှိပါ | | | မှတ်ချက် မရှိပါ | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော (သို့မဟုတ်) အခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂)ကျန်းမာရေး | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | မူလတန်းပြဆရာ/မ | ☐ | ☐ | ၁ | ဆရာဝန် | ☐ | ☐ | ၁ | လက်သမား | ☐ | ☐ |
| ၂ | အထက်တန်းပြဆရာ/မ | ☐ | ☐ | ၂ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ၂ | ပန်းရံ | ☐ | ☐ |
| ၃ | အလယ်တန်းပြဆရာ/မ | ☐ | ☐ | ၃ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | ၃ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| ၄ | မူကြိုဆရာ/မ | ☐ | ☐ | ၄ | သားဖွားဆရာမ | ☐ | ☐ | ၄ | ရေပိုက်သွယ်သူ | ☐ | ☐ |
| ၅ | အခြား | ☐ | ☐ | ၅ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | ၅ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် မရှိပါ | | | | မှတ်ချက် မရှိပါ | | | | မှတ်ချက် မရှိပါ | | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

(ကျောက်ခင်းလမ်း) မြေသားလမ်း လှည်းသွားလမ်း အခြား _______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ပိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/ မရှိပါ/ မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ________ / မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/ မပြုခဲ့ပါ/ မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှ ကွာဝေးသနည်း? မိုင် __၃______ / မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင် ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် _၂၀မိနစ်______ ထော်လာဂျီ/ မော်တော်ဆိုင်ကယ်/ ခြေလျင်/ လှည်း/ မော်တော်ဘုတ်/

အခြား ______________

မိုးရာသီတွင်ကြာချိန် ___၃၀မိနစ်______ ထော်လာဂျီ/ မော်တော်ဆိုင်ကယ်/ ခြေလျင်/ လှည်း/ မော်တော်ဘုတ်/

အခြား ______________

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ______________

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင် (သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) _CHDM____________

(၂) ____________________

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် _ဦးသိန်း[illegible]______

လက်မှတ် ___[illegible]________ နေ့စွဲ _၂၄-၁၀-၂၀၁[illegible]

လူထုစည်းရုံးရေးမှူး အမည် _ဒေါ်[illegible]_

လက်မှတ် __[illegible]______ နေ့စွဲ _၂၄-၁၀-၂၀၁[illegible]

## ၉။စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)



ပုံစံ - ၀-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - [illegible] | | | |
| နေ့စွဲ 24.10.2019 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) | ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☑ စက်ဝန်း(၄) |
| ကသားပြည်နယ် | ဖားဆောင်းမြို့နယ် | ကျေးရွာအုပ်စု ဝမ်ခေါင်း | ကျေးရွာ ကျောက်ပဲညို |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 24.10.19 | 24.10.19 | 2 | 5 | 7 | ရှမ်း - 7 | 14 | / |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | 24.10.19 | 24.10.19 | 2 | 5 | 7 | ရှမ်း - 7 | 14 | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက် ချသည့်အစည်းအဝေး | | | | | | 1 | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်းသုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

**လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် – [illegible]

နေ့စွဲ

စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)

| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖားဆောင်း | ကျေးရွာအုပ်စု ဝမ်ဆောင်း | ကျေးရွာ ကျောက်ပဲညို |
|---|---|---|---|

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ဖားဆောင်းမြို့ထိ ကျောင်းသွားတက်ရတာခက်ခဲသည်။ | ၁ | ကျေးရွာအဝင်လမ်း တစ်နှစ်ပတ်လုံးသွားလာရ ခက်ခဲသည်။ |
| ၂ | ဆေးပေးခန်းမရှိသဖြင့် အရေးပေါ်ကျန်းမာရေးအတွက်ခက်ခဲ | ၂ | ဆေးပေးခန်းမရှိ၍ ကျန်းမာရေးစောင့်ရှောက်မှု လုံးဝမရပါ။ |
| ၃ | သောက်သုံးရေ သုံးစွဲမှုတွင် အခက်အခဲရှိသည် | ၃ | ကျောင်းမရှိတဲ့အတွက် ပညာရေး |
| ၄ | မိုးရာသီတွင် လမ်းဆိုးသည့်အတွက် သွားလာရခက်ခဲ | ၄ | စိုက်ပျိုးရေးမှာ ပိုးဖျက်တဲ့အတွက် အထွက်နှုန်း လျော့နည်းနေခြင်း |
| ၅ | | ၅ | သဘာဝပတ်ဝန်းကျင်ဖျက်ဆီးမှု၊ သစ်ခုတ်ခြင်းကြောင့် ဝင်ငွေနည်းလာခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာရဲ့ အလယ်တန်းကျောင်း ရှိချင်တယ်။ | ၁ | ကျေးရွာ အဝင်လမ်း တစ်နှစ်ပတ်လုံး သွားလာရ ကောင်းမွန်ချင် |
| ၂ | သောက်သုံးရေ သုံးစွဲမှု အဆင်ပြေချင်တယ်။ | ၂ | ဆေးပေးခန်းနှင့် ကျန်းမာရေးလုပ်သား အလုံအလောက်ရှိစေချင် |
| ၃ | ဆေးပေးခန်းများ ကျေးရွာအတွက် ထားပေးစေချင်တယ်။ | ၃ | ကလေးတွေအတွက် စာသင်ကျောင်းနဲ့ ဆရာတွေ ရှိစေချင်။ |
| ၄ | ဝသန်ရာသီ အခက်အခဲမရှိ လမ်းသွားလာရေး ကောင်းမွန်စေချင် | ၄ | သောက်သုံးရေ သုံးစွဲမှု အဆင်ပြေ စေချင်တယ်။ |
| ၅ | ပညာရေး ဗဟုသုတအတွက် စာကြည့်တိုက် ရှိချင်တယ်။ | ၅ | ပညာရေးမြင့်မားလာပြီး အလုပ်အကိုင်တွေ ရလာမယ်။ |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ပြုပြင်ခြင်း | ကျ+မ | 210 | |
| ၂ | ရေပိုက်လိုင်း သွယ်တန်းခြင်း | ကျ+မ | 66 | |
| ၃ | ဆေးပေးခန်း(အသစ်)ဆောက်ခြင်း | ကျ+မ | 70 | |
| ၄ | ကျောင်း(အသစ်)ဆောက်ခြင်း | ကျ+မ | 120 | |
| ၅ | စာကြည့်တိုက် (အသစ်)ဆောက်ခြင်း | ကျ+မ | 70 | |

။ လုထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဒေါ်ခင်အေးမြိုး လက်မှတ် Mmy နေ့စွဲ 2.2.2017

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
